# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# လွှတ်တော်

## လက်ကမ်းစာစောင်



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်




# ပြည်
# လွှ




## ၁။ လွှတ်တော် ဖွဲ့စည်းပုံ




## ၅။ လွှတ်တော်အစည်းအဝေးများ၏ ဆောင်ရွက်ချက်များ








# ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
# တ်တော်လက်ကမ်းစာစောင်


၂။ ရွေးကောက်ပွဲ ကျင်းပပုံစနစ်



၃။ လွှတ်တော် ကိုယ်စားလှယ်များ



၄။ လွှတ်တော်၏ လုပ်ငန်းတာဝန်များ



၆။ လွှတ်တော် ကော်မတီများ



၇။ လွှတ်တော် လေ့လာရေး





# မာတိကာ


၁။ လွှတ်တော် ဖွဲ့စည်းပုံ ၄

၁.၁။ လွှတ်တော် သက်တမ်း ၄

၁.၂။ လွှတ်တော် ဖွဲ့စည်းပုံ ၅

၁.၃။ လွှတ်တော် အကြီးအမှူး ၆

၂။ ရွေးကောက်ပွဲ ကျင်းပပုံစနစ် ၉

၃။ လွှတ်တော် ကိုယ်စားလှယ်များ ၁၀

၃.၁။ လွှတ်တော်တွင်း ကိုယ်စားလှယ်များ ပါဝင်မှု ၁၁

၃.၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ဆောင်ရွက်ချက်များ ၁၃

၃.၃။ မဲဆန္ဒရှင်ပြည်သူများအတွက် ဆောင်ရွက်ချက်များ ၁၄

၃.၄။ ကိုယ်စားလှယ်တစ်ဦး၏ တစ်နေ့တာ ၁၄

၄။ လွှတ်တော်၏ လုပ်ငန်းတာဝန်များ ၁၅

၄.၁။ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့်
သမ္မတ၊ ဒုတိယသမ္မတများ ရွေးကောက်တင်မြှောက်ခြင်း ၁၆

၄.၂။ ပြည်သူလူထုကို ကိုယ်စားပြုခြင်း ၁၇

၄.၃။ ဥပဒေပြုခြင်း ၁၈

၄.၄။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏
ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်း ၁၈

၄.၅။ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း ၁၈

၅။ လွှတ်တော် အစည်းအဝေးများ၏ ဆောင်ရွက်ချက်များ ၁၉

၅.၁။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ ၂၀

၅.၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ ၂၁

၅.၃။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆောင်ရွက်ပုံ အဆင့်ဆင့် ၂၂

၅.၄။ မေးခွန်းများနှင့် အဆိုများ ၂၄

၅.၅။ ရသုံးမှန်းခြေငွေစာရင်း စိစစ်ခွင့်ပြုခြင်း ၂၅

၅.၆။ ပြည်သူပါဝင်မှု ၂၅

၆။ လွှတ်တော် ကော်မတီများ ၂၆

၆.၁။ လွှတ်တော်ရှိ ကော်မတီများ၏ အခန်းကဏ္ဍ ၂၆

၆.၂။ ကော်မတီများ ဖွဲ့စည်းခြင်း ၂၇

၇။ လွှတ်တော် လေ့လာရေး ၂၉

၇.၁။ လွှတ်တော်သို့ လာရောက်လေ့လာရန်အတွက် ဆောင်ရွက်ရမည့်အချက်များ ၃၀

၇.၂။ လွှတ်တော်အသီးသီးမှ ဆောင်ရွက်ပေးသော အကူအညီများ ၃၀

၇.၃။ ဆက်သွယ်ရန် ၃၁

# ဥယျောဇဉ်

ပြည်ထောင်စုလွှတ်တော်၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်လက်ကမ်းစာစောင်ကို ပထမဆုံးအကြိမ် ဝေဝေဆာဆာ ထုတ်ဝေနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက် ရှိသောလွှတ်တော်မှာ လက်ကမ်းစာစောင်ထုတ်ဝေသည့်အချိန်တွင် ပထမအကြိမ် သက်တမ်း ၅ နှစ်အပြီး ဒုတိယအကြိမ်သက်တမ်း ၃ နှစ်ကာလမျှသာ ရှိသေးသော သက်တမ်းနုနယ်သည့်လွှတ်တော် ဖြစ်ပါသည်။ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်နှင့်ပြည်သူများ ရင်းနှီးကျွမ်းဝင်စေရန် အထူးလိုအပ်လျက်ရှိနေချိန်တွင် လက်ကမ်းစာစောင်ကိုထုတ်ဝေနိုင်သဖြင့် အချိန်အခါသင့်မြတ်လျော်ကန်မှုရှိပါသည်။

လွှတ်တော်၏ လုပ်ငန်းစဉ်များကို သိရှိနားလည်ရန် လာရောက်လေ့လာသောပြည်သူများအတွက် ဤလက်ကမ်းစာစောင်သည် များစွာအထောက်အကူဖြစ်စေပါသည်။ လွှတ်တော်သို့ မလာရောက်နိုင်သေးသော ပြည်သူများနှင့် ကျောင်းသားလူငယ်များကိုလည်း အသိပညာပေးနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်၏ ဥပဒေပြုခြင်း၊ အပြန်အလှန်ထိန်းညှိခြင်း နှင့် ပြည်သူကို ကိုယ်စားပြုခြင်း လုပ်ငန်းစဉ်များကို ပြည်သူများက စိတ်ဝင်တစား ပူးပေါင်းပါဝင်လာသည်နှင့်အမျှ ပိုမိုအားကောင်းထိရောက်မှုရှိသည့် လွှတ်တော်အဖြစ် ဖော်ဆောင်လာနိုင်မည် ဖြစ်ပါသည်။ ပြည်သူများက လွှတ်တော်အပေါ် ယုံကြည်အားထားမှု ခိုင်မာလာကာ ဒီမိုကရေစီ၏ အသီးအပွင့်များကို အပြည့်အဝရရှိခံစားလာနိုင်ကြမည်ဖြစ်ပါသည်။

လက်ကမ်းစာစောင်ထုတ်ဝေရန်အတွက် နည်းပညာဆိုင်ရာ အကူအညီပေးသော ဂျာမနီနိုင်ငံ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်၊ ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းနှင့် ငွေကြေးထောက်ပံ့ပေးသည့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဦးထွန်းထွန်းဟိန်

ဥက္ကဋ္ဌ


လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)

# ၁။ လွှတ်တော် ဖွဲ့စည်းပုံ

## ၁.၁။ လွှတ်တော် သက်တမ်း

လွှတ်တော် သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှစ၍ ၅ နှစ် ဖြစ်သည်။




- ပြည်ထောင်စုလွှတ်တော်
- ပြည်သူ့လွှတ်တော်
- အမျိုးသားလွှတ်တော်
- တပ်မတော်သား ကိုယ်စားလှယ်

၅နှစ်

# ၁.၂။ လွှတ်တော် ဖွဲ့စည်းပုံ

ပြည်ထောင်စုလွှတ်တော်



ပြည်သူ့လွှတ်တော်


အမျိုးသားလွှတ်တော်



ကိုယ်စားလှယ်ဦးရေ (၄၄၀)ဦး + ကိုယ်စားလှယ်ဦးရေ (၂၂၄)ဦး



လွှတ်တော်ကိုယ်စားလှယ်ဦးရေ
စုစုပေါင်း ၆၆၄ ဦး






မြို့နယ်/လူဦးရေကို အခြေခံ၍ မဲဆန္ဒနယ်အသီးသီးအတွက် ရွေးကောက်တင်မြှောက်သည့် **၃၃၀ ဦး**ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ




တိုင်းဒေသကြီး နှင့် ပြည်နယ်တစ်ခုချင်းစီအတွက် ကိုယ်စားလှယ် **၁၂ ဦး**ကျ တူညီစွာ ရွေးကောက်တင်မြှောက်သည့် **၁၆၈ ဦး**ထက် မပိုသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ



တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် **၁၁၀ ဦး** ထက် မပိုသော တပ်မတော်သားကိုယ်စားလှယ်များ




တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် **၅၆ ဦး** ထက် မပိုသော တပ်မတော်သားကိုယ်စားလှယ်များ



## ၁.၃။ လွှတ်တော်အကြီးအမှူး






ပြည်သူ့လွှတ်တော် သက်တမ်းတစ်ခု စတင်သည့် နေ့ရက်မှ ပထမ လ ၃၀ တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယက တာဝန်ကိုလည်းကောင်း ကျန် လ ၃၀ အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယက တာဝန်ကိုလည်းကောင်း လွှဲပြောင်းထမ်းဆောင်ရမည်။



အမည် – ဦးတီခွန်မြတ်
မဲဆန္ဒနယ် – ကွတ်ခိုင်မဲဆန္ဒနယ်
ကိုယ်စားပြုပါတီ – တစ်သီးပုဂ္ဂလ
ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ



အမည် – မန်းဝင်းခိုင်သန်း
မဲဆန္ဒနယ် – ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)
ကိုယ်စားပြုပါတီ – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ



အမည် – ဦးထွန်းထွန်းဟိန်
မဲဆန္ဒနယ် – နောင်ချိုမဲဆန္ဒနယ်
ကိုယ်စားပြုပါတီ – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ



အမည် – ဦးအေးသာအောင်
မဲဆန္ဒနယ် –
ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)
ကိုယ်စားပြုပါတီ – ရခိုင်အမျိုးသားပါတီ
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ

# ရွေးကောက်ပွဲများ



၂၀၁၀ ၂၀၁၅ ၂၀၂၀

၅ နှစ်လျှင်တစ်ကြိမ်
ကျင်းပပါသည်။

# ၂။ ရွေးကောက်ပွဲ ကျင်းပပုံစနစ်


မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံစနစ်မှာ မဲအများဆုံးရသူ အနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ ပြည်နယ်များ၊ တိုင်းဒေသကြီးများသည် တစ်ခုနှင့် တစ်ခု နယ်မြေအကျယ်အဝန်းနှင့် လူဦးရေချင်း မတူညီသောကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ကိုယ်စားပြုသော ပြည်သူလူထု ဦးရေချင်း မတူညီပါ။





ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မြို့နယ်ကိုအခြေခံ၍သော်လည်းကောင်း၊ လူဦးရေကိုအခြေခံ၍သော်လည်းကောင်း မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် ၃၃၀ ဦးထက် မပိုဘဲရွေးချယ်ပါသည်။ အမျိုးသားလွှတ်တော်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီလျှင် ကိုယ်စားလှယ် ၁၂ ဦးစီ ရွေးကောက်တင်မြှောက်ပါသည်။

ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်အတွက် ရွေးကောက်ပွဲများနှင့် ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်များအတွက် ရွေးကောက်ပွဲများကို ၅ နှစ်လျှင် တစ်ကြိမ် ရက်တစ်ရက်တည်းတွင် တစ်ပြိုင်တည်း ကျင်းပပါသည်။








ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို မဲဆန္ဒနယ်
တစ်ခုတွင် ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့်
ရွေးကောက်တင်မြှောက်ပါသည်။

# ၃။ လွှတ်တော် ကိုယ်စားလှယ်များ




ပြည်ထောင်စုလွှတ်တော်
ကိုယ်စားလှယ်များ

စုစုပေါင်းကိုယ်စားလှယ်
၄၃၄ ဦး
ပြည်သူ့လွှတ်တော်

စုစုပေါင်းကိုယ်စားလှယ်
၂၂၄ ဦး
အမျိုးသားလွှတ်တော်

စုစုပေါင်း ရွေးကောက်ခံ
ကိုယ်စားလှယ် ၄၈၂ ဦး






စုစုပေါင်း
တပ်မတော်သား
ကိုယ်စားလှယ်
၁၆၆ဦး

# ၃.၁။ လွှတ်တော်တွင်း ကိုယ်စားလှယ်များ ပါဝင်မှု



တိုင်းဒေသကြီး/ ပြည်နယ်
(မဲဆန္ဒနယ် ၃၃၀ ခု)

- ကချင်
- ကယား
- ကရင်
- ချင်း
- စစ်ကိုင်း
- တနင်္သာရီ
- ပဲခူး
- မကွေး
- မန္တလေး
- မွန်
- ရခိုင်
- ရန်ကုန်
- ရှမ်း
- ဧရာဝတီ
- တပ်မတော်သားကိုယ်စားလှယ်





ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
စာရင်းချုပ် (၁၂၊ ၁၁၊ ၂၀၁၈)

| | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၃ |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆ |
| ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁၄ |
| ရခိုင်အမျိုးသားပါတီ | ၁၃ |
| တအာင်း (ပလောင်) အမျိုးသားပါတီ | ၃ |
| ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ |
| ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ် | ၂ |
| လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ |
| ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ |
| ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ |
| 'ဝ' ဒီမိုကရက်တစ်ပါတီ | ၁ |
| အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ | ၁ |
| တစ်သီးပုဂ္ဂလ | ၁ |
| တပ်မတော်သားကိုယ်စားလှယ် | ၁၁၀ |
| **စုစုပေါင်း** | ၄၃၄ |




ပြည်သူ့လွှတ်တော် ပါတီအလိုက်
ကိုယ်စားလှယ် စာရင်းချုပ်
(၁၂၊ ၁၁၊ ၂၀၁၈)

တိုင်းဒေသကြီး/ ပြည်နယ်
(မဲဆန္ဒနယ် ၁၆၈ ခု)



- ကချင်
- ကယား
- ကရင်
- ချင်း
- စစ်ကိုင်း
- တနင်္သာရီ
- ပဲခူး
- မကွေး
- မန္တလေး
- မွန်
- ရခိုင်
- ရန်ကုန်
- ရှမ်း
- ဧရာဝတီ
- တပ်မတော်သားကိုယ်စားလှယ်

စုစုပေါင်း ၂၂၄ဦး

လက်ရှိ ကိုယ်စားလှယ် ၂၂၄ ဦး

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စာရင်းချုပ် (၁၂၊၁၁၊၂၀၁၈)

| | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၄ |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၂ |
| ရခိုင်အမျိုးသားပါတီ | ၁၀ |
| ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၃ |
| ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ် | ၂ |
| တအာင်း (ပလောင်) အမျိုးသားပါတီ | ၂ |
| တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၁ |
| ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်ပါတီ | ၁ |
| မွန်အမျိုးသားပါတီ | ၁ |
| တစ်သီးပုဂ္ဂလ | ၂ |
| တပ်မတော်သားကိုယ်စားလှယ် | ၅၆ |
| **စုစုပေါင်း** | **၂၂၄** |

စုစုပေါင်း
ကိုယ်စားလှယ်
၂၂၄ဦး

ကျား ၁၉၉ဦး



မ ၂၅ဦး

အမျိုးသားလွှတ်တော် ပါတီအလိုက် ကိုယ်စားလှယ်စာရင်းချုပ် (၁၂၊ ၁၁၊ ၂၀၁၈)

ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပတိုင်းတွင် အထက်ပါ ကိုယ်စားလှယ်အရေအတွက်များ ပြောင်းလဲသွားနိုင်ပါသည်။

# ၃.၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းဆောင်ရွက်ချက်များ



- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊
- အဆိုများ တင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊
- နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊
- နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများကို သက်ဆိုင်ရာ လွှတ်တော် ကော်မတီများက လွှတ်တော်မှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊
- မဲဆန္ဒရှင် ပြည်သူများအား လွှတ်တော်သို့ လာရောက်လေ့လာရန် ဖိတ်ကြားနိုင်ခြင်း။



# ၃.၃။ မဲဆန္ဒရှင် ပြည်သူများအတွက် ဆောင်ရွက်ချက်များ


‘လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို မဲဆန္ဒရှင် ပြည်သူများသို့ ပြန်လည် ရှင်းလင်းတင်ပြခြင်း’



မဲဆန္ဒရှင် ပြည်သူများ၏ အသံများ၊ မိမိမဲဆန္ဒနယ်မြေ၏ လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်း (သို့မဟုတ်) အဆိုအဖြစ် တင်သွင်းခြင်း




# ၃.၄။ ကိုယ်စားလှယ်တစ်ဦး၏ တစ်နေ့တာ



သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း

မျက်မှောက်ရေးရာ ကိစ္စရပ်များကို အစိုးရနှင့် အရပ်ဘက်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့်အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ကြရပါသည်။

- မဲဆန္ဒရှင် ပြည်သူများအကျိုးအတွက် ကိုယ်စားပြု ဆောင်ရွက်ခြင်း၊
- လွှတ်တော် အစည်းအဝေး တက်ရောက်ခြင်း၊
- လွှတ်တော် အစည်းအဝေးအပြီးတွင် ကော်မတီ၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း၊
- သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း၊
- မျက်မှောက်ရေးရာ ကိစ္စရပ်များကို အစိုးရနှင့် အရပ်ဘက်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ကြရပါသည်။



# လွှတ်တော်၏
# လုပ်ငန်းတာဝန်များ




# ၄။ လွှတ်တော်၏ လုပ်ငန်းတာဝန်များ




## ၄.၁။ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့တွင် ဦးစွာ သဘာပတိ တစ်ဦးစီ ရွေးချယ်သည်။ ရွေးကောက်ခံရလျှင် တာဝန်ထမ်းဆောင်ပါမည်ဟု ကြိုတင်သဘောတူထားသည့် လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းသည်။ တစ်ဦးတည်းဆိုလျှင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး တစ်ဦးထက်ပိုလျှင် လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ရွေးကောက်ကြသည်။




ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့နှင့် လွှတ်တော် ၂ ရပ်မှ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့တို့ အသီးသီးက အစည်းအဝေးများ ကျင်းပပြီး ဒုတိယ သမ္မတလောင်း အမည်စာရင်း တစ်ဦးစီကို တင်သွင်းကြသည်။

ထိုပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ အရည်အချင်း စိစစ်ရေးအဖွဲ့က အရည်အချင်းနှင့် ပြည့်စုံမှု ရှိမရှိ စိစစ်ပေးရသည်။ ဒုတိယ သမ္မတလောင်း ၃ ဦးအနက် ပြည်ထောင်စု လွှတ်တော်တွင် မဲအများဆုံး ရရှိသူသည် နိုင်ငံတော်သမ္မတဖြစ်လာပြီး ကျန် ၂ ဦးမှာ ဒုတိယသမ္မတများ ဖြစ်လာကြသည်။

## ၄.၂။ ပြည်သူလူထုကို ကိုယ်စားပြုခြင်း

လွှတ်တော်သည် ပြည်သူများကို အထိရောက်ဆုံး ကိုယ်စားပြုနိုင်သော အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်

လွှတ်တော်သည် ‘ပြည်သူ့အသံ– လွှတ်တော်အသံ’
‘ပြည်သူ့ဆန္ဒ – လွှတ်တော်ဆန္ဒ’
‘ပြည်သူ့တို့မျှော်လင့်ချက်– လွှတ်တော်က ဖော်ဆောင်ရွက်’ ဟူသည့်
လွှတ်တော်ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# ၄.၃။ ဥပဒေပြုခြင်း

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်ကော်မတီများ အပါအဝင်၊ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသော ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ ခေတ်နှင့် လိုက်လျောညီထွေမှု မရှိသော ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းတို့ ဆောင်ရွက်ကြပါသည်။ ပြည်သူ့ဘဝ လုံခြုံတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေများ ပေါ်ပေါက်လာရေးအတွက် ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ကြရပါသည်။

# ၄.၄။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်း

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင် အဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ကော်မတီများက အစီရင်ခံစာ တင်သွင်းခြင်းတို့ဖြင့် ထိန်းညှိ ဆောင်ရွက်သည်။ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် သိရှိလိုသည့် ကိစ္စရပ်များကို ကိုယ်စားလှယ်များက လွှတ်တော်ရုံးမှ တစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့လည်းကောင်း တင်ပြပေးနိုင်သည်။ ထို့ပြင် လွှတ်တော်အနေဖြင့် ပြည်ထောင်စု အစိုးရ ဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များကိုလည်း ဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းညှိခြင်းလည်း ဆောင်ရွက်ရသည်။




# ၄.၅။ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း

လွှတ်တော် အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး ၁ ကြိမ် ကျင်းပရမည် ဖြစ်သည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက် မပိုစေဘဲ ကျင်းပရမည်။ လွှတ်တော် အစည်းအဝေးသို့ ပထမနေ့တွင် တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော် တက်လျှင် အစည်းအဝေး အထမြောက်မည် ဖြစ်သည်။ သတ်မှတ်ဦးရေ မပြည့်ပါက ရက်ရွှေ့သတ်မှတ်နိုင်သည်။ ရွှေ့ထားသည့်နေ့တွင် စုစုပေါင်း တက်ရောက်ခွင့်ရှိသူ အားလုံး၏ ၃ ပုံ ၁ ပုံ ရှိပါက အစည်းအဝေး အထမြောက် ကျင်းပနိုင်သည်။
လွှတ်တော် အစည်းအဝေးကို အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၄ နာရီအထိ ကျင်းပနိုင်သည်။ သတ်မှတ်ချိန်ကျော်လွန်ပြီး ကျင်းပရန် လိုအပ်ပါက လွှတ်တော် အဆုံးအဖြတ်နှင့် အချိန်ပိုမို ကျင်းပနိုင်သည်။



# လွှတ်တော်အစည်းအဝေးများ၏ ဆောင်ရွက်ချက်များ

# ၅။ လွှတ်တော် အစည်းအဝေးများ၏ ဆောင်ရွက်ချက်များ




## ၅.၁။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင်သာ ဆွေးနွေးရမည့် ကိစ္စရပ်များဖြစ်သည့် အောက်ပါတို့ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ပါသည်။

၁။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း
၂။ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်း
၃။ ပြည်ထောင်စု အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်း

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်များတွင် ပြီးပြတ်ခြင်း မရှိသော ကွဲလွဲချက်များကို ဖြေရှင်းရန်နှင့် ဥပဒေများကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် ဆွေးနွေးခြင်း ပြုကြသည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်သည်။


(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့်အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဈ) ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

## ၅.၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ


ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်သည်။

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်များက ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) သက်ဆိုင်ရာ လွှတ်တော်များသို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဆ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဇ) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

# ၅.၃။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆောင်ရွက်ပုံ အဆင့်ဆင့်




ဥပဒေနှင့်အညီ ပေးပို့လာသော ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် တစ်ရပ်ရပ်၌ စတင်ဆွေးနွေးပြီး လွှတ်တော်နှစ်ရပ် အပြန်အလှန် ပေးပို့အတည်ပြုရာတွင် သဘောကွဲလွဲမှု မရှိလျှင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲပါက ပြည်ထောင်စု လွှတ်တော်သို့ ဆက်လက်ပေးပို့ ဆွေးနွေးအတည်ပြုပါသည်။




ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတထံသို့ ပေးပို့သော ဥပဒေကြမ်းကို သမ္မတသည် ၁၄ ရက်အတွင်း အတည်ပြုလက်မှတ် ရေးထိုးနိုင်ပါသည်။ သို့မဟုတ် သမ္မတက ဥပဒေကြမ်းကို ပြန်လည် စိစစ်ရန်၊ ပြင်ဆင်ရန် အကြံပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် ပေးပို့နိုင်ပါသည်။ ပြည်ထောင်စုလွှတ်တော်က ပြန်လည်ဆွေးနွေးပြီး သမ္မတ၏ ပြင်ဆင်ချက်အတိုင်းဖြစ်စေ၊ မူလအတိုင်း အတည်ပြု၍ဖြစ်စေ သမ္မတထံပြန်လည်ပေးပို့ပါသည်။ ထိုသို့ပြန်လည်ပေးပို့သည့်နေ့၏ နောက်တစ်ရက်မှစ၍ (၇) ရက်အတွင်း သမ္မတက လက်မှတ်ထိုးသည်ဖြစ်စေ မထိုးသည်ဖြစ်စေ (၇) ရက် မြောက်သောနေ့တွင် ဥပဒေအဖြစ်သို့ ရောက်ရှိပါသည်။

# ၅.၄။ မေးခွန်းများနှင့် အဆိုများ





### မေးခွန်း မေးမြန်းခြင်း ဆိုသည်မှာ

ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ မဲဆန္ဒရှင်ပြည်သူများ၏ လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်စေ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ မေးမြန်းခြင်း ဖြစ်သည်။

### မေးခွန်း အမျိုးအစားများ

သက်ဆိုင်ရာ ဌာနများက လုပ်ဆောင်ပေးနေသော လုပ်ငန်းများနှင့် ပတ်သက်ပြီး လူထုက သိရှိလိုသည့်အရာများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နေမှု အခြေအနေများနှင့် ထိရောက်မှုများအကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးဌာနကို မေးမြန်းရာတွင် မေးခွန်း နှစ်မျိုးနှစ်စားမှာ–

- ကြယ်ပွင့်ပြ မေးခွန်း (ဝန်ကြီးဌာနက လွှတ်တော်သို့ လာရောက်ဖြေကြားရသည်)။
- ကြယ်ပွင့်မပြ မေးခွန်း (ဝန်ကြီးဌာနက စာဖြင့် ဖြေကြားရသည်)။



### အဆို တင်သွင်းခြင်း ဆိုသည်မှာ

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့် စပ်လျဉ်းသောကိစ္စ၊ အစိုးရအဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ၊ ဥက္ကဋ္ဌက ခွင့်ပြုသော အခြားကိစ္စများအား တင်ပြဆွေးနွေးရန် ဖြစ်သည်။ ထိုသို့ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အဆိုတင်သွင်းဆွေးနွေးခြင်းဖြင့် ဌာနဆိုင်ရာများက လိုအပ်သလို တာဝန်ယူ ဆောင်ရွက်နိုင်စေရေး တိုက်တွန်းရန် ဖြစ်သည်။

## ၅.၅။ ရသုံးမှန်းခြေငွေစာရင်း စိစစ်ခွင့်ပြုခြင်း




ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု အစိုးရအဖွဲ့က တင်သွင်းသည့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့် အညီ ဆောင်ရွက်သည်။

| | | |
|---|---|---|
| သဘောတူအတည်ပြုခြင်း | ငြင်းပယ်ခြင်း | လျှော့၍ ခွင့်ပြုခြင်း |

## ၅.၆။ ပြည်သူပါဝင်မှု




ပြည်သူများအနေဖြင့် ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကို သက်ဆိုင်ရာကော်မတီများထံ တင်ပြတိုင်ကြားခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်သူမှ အကြံပြုချက်များ ပေးပို့ခြင်း အစရှိသော ပြည်သူလူထု၏ ပူပေါင်းပါဝင်မှုများကို လွှတ်တော်များက ဆောင်ရွက်လျက်ရှိပါသည်။

# ၆။ လွှတ်တော် ကော်မတီများ

## ၆.၁။ လွှတ်တော်ရှိ ကော်မတီများ၏ အခန်းကဏ္ဍ




လွှတ်တော်စုံညီ အစည်းအဝေးကြီး၏ ပင်မလုပ်ငန်းများကို

အသေးစိတ်ဆောင်ရွက် ပေးသော ကော်မတီများကို လွှတ်တော်အတွင်းမှ လွှတ်တော်ငယ်များ ဟုလည်း နိုင်ငံတကာတွင် တင်စား ခေါ်ဝေါ်ကြသည်။

လွှတ်တော်စုံညီ အစည်းအဝေးများတွင် ဥပဒေများ၏ နိုင်ငံသားတို့အပေါ် ရှိမည့် သက်ရောက်မှုများ အကြောင်းကို အသေးစိတ် နားလည်ဆွေးနွေးရန် အချိန်လုံလောက်မည် မဟုတ်ပေ။ ထို့ကြောင့် လွှတ်တော်တွင်းတွင် ကော်မတီများ ဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ်လေ့လာကာ အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ နိုင်ငံသားများအပေါ် သက်ရောက်ပုံများနှင့် အရေးကိစ္စ အဖုံဖုံကို နားလည်အောင် အချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း၊ နိုင်ငံသားများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုက်ရိုက် နှီးနှော တိုင်ပင်ခြင်းများကို အချိန်ယူ ပြုလုပ်ကြရပါသည်။ လွှတ်တော်စုံညီ အစည်းအဝေးကြီး၏ ပင်မလုပ်ငန်းများကို ထိုကဲ့သို့ အသေးစိတ်ဆောင်ရွက်ပေးသော လွှတ်တော် ကော်မတီများကို လွှတ်တော်တွင်းမှ လွှတ်တော်ငယ်များ ဟုလည်း နိုင်ငံတကာတွင် တင်စားခေါ်ဝေါ်ကြသည်။

လွှတ်တော်အသီးသီးမှ ကော်မတီများသည် ပြည်ထောင်စု အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများအား စောင့်ကြည့်ခြင်းနှင့် အပြန်အလှန် ထိန်းညှိခြင်းများ ပြုလုပ်ပြီး၊ နိုင်ငံသားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရေး အတွက်လည်း ကြိုးပမ်းလျက်ရှိပါသည်။

အထက်ပါ ကော်မတီများသည် မိမိတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အချက်အလက်များ ခွဲခြမ်းစိတ်ဖြာ၍ အစီရင်ခံစာများရေးသားကာ လွှတ်တော်အတွင်းသို့ တင်သွင်း ဆွေးနွေးခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။



# ၆.၂။ ကော်မတီများ ဖွဲ့စည်းခြင်း


ဥပဒေကြမ်းပူးပေါင်းကော်မတီ၊
ပြည်ထောင်စုလွှတ်တော်
ကိုယ်စားလှယ်များ
စိစစ်ရေး ကော်မတီနှင့်
ပြည်သူ့ငွေစာရင်း
ပူးပေါင်းကော်မတီ

## ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဟူ၍ ပူးပေါင်းကော်မတီ သုံးခုရှိပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက အခြားပူးပေါင်း ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ ကျန်ကိစ္စရပ်များကို လေ့လာရန် လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း လိုအပ်သလို ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါသည်။

**လက်ရှိတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ် သုံးသပ်ရေး ကော်မရှင်ကို ဖွဲ့စည်းထားရှိပါသည်။**

အခြားသော
ပူးပေါင်းကော်မတီများကို
လွှတ်တော်
ကိုယ်စားလှယ်များဖြင့်
ကာလသတ်မှတ်၍
ဖွဲ့စည်းနိုင်သည်။




ကျန်ကိစ္စရပ်များကို
လေ့လာရန်
လိုအပ်ပါက ကော်မရှင်နှင့်
အဖွဲ့များကို လွှတ်တော်
ကိုယ်စားလှယ်များ
ဖြင့်လည်းကောင်း၊
သင့်လျော်သည့် နိုင်ငံသားများ
ထည့်သွင်း၍လည်းကောင်း
လိုအပ်သလို
ကာလသတ်မှတ်၍
ဖွဲ့စည်းနိုင်ပါသည်။

## ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် တစ်ဖက်ပါ စာရင်းအတိုင်း **အမြဲတမ်းကော်မတီ**များ ဖွဲ့စည်းထားရှိပြီး **ရေးရာကော်မတီ**များကိုလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေး၊ အခြားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး လိုအပ်သလို ကာလသတ်မှတ်၍ ဖွဲ့စည်း နိုင်သည်။



## ပြည်သူ့လွှတ်တော်

### အမြဲတမ်းကော်မတီများ

- ဥပဒေကြမ်းကော်မတီ
- ပြည်သူ့ငွေစာရင်းကော်မတီ
- လွှတ်တော်အခွင့်အရေးကော်မတီ
- အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

### ရေးရာကော်မတီ ၁၅ ခု

- နိုင်ငံတကာဆက်ဆံရေးကော်မတီ
- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီ
- နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ
- ပညာရေးမြှင့်တင်မှုကော်မတီ
- ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
- ဘဏ်များနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
- တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ
- စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ
- ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ
- ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ
- လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
- ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ
- တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ

## အမျိုးသားလွှတ်တော်

### အမြဲတမ်းကော်မတီများ

- ဥပဒေကြမ်းကော်မတီ
- ပြည်သူ့ငွေစာရင်းကော်မတီ
- လွှတ်တော်အခွင့်အရေးကော်မတီ
- အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

### ရေးရာကော်မတီ ၁၃ ခု

- နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ
- အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ
- ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ
- တိုင်းရင်းသားရေးရာကော်မတီ
- တောင်သူလယ်သမားရေးရာကော်မတီ
- အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ
- ပညာရေးမြှင့်တင်မှုကော်မတီ
- ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ
- နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ
- ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
- ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ

# ၇။ လွှတ်တော် လေ့လာရေး

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့်အတွက် ပြည်သူများအနေနှင့် မိမိတို့ ကိုယ်စားလှယ်များ လွှတ်တော်တွင် မည်သည့် ကိစ္စရပ်များကို မည်သို့ ဆောင်ရွက်ဆွေးနွေးနေကြသည်ကို မျက်မြင်ကိုယ်တွေ့ သိရှိနိုင်ရန် လွှတ်တော်သို့ လာရောက် လေ့လာသင့်ပါသည်။



# ၇.၁။ လွှတ်တော်သို့ လာရောက်လေ့လာရန်အတွက် ဆောင်ရွက်ရမည့် အချက်များ

(က) ပြည်သူများက မိမိတို့ လာရောက် လေ့လာလိုသော လွှတ်တော်တစ်ရပ်ရပ် (ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်) ၏ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ ၃ ရက် ကြိုတင်ပြီး အကြောင်းကြားစာ ရေးသားပေးပို့ရပါမည်။

(ခ) ထိုသို့ ပေးပို့ရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြလျက် စာဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ ဖက်စ်ဖြင့်လည်းကောင်း ပေးပို့နိုင်ပါသည်။

၁။ လာရောက်လေ့လာလိုသည့် ရက်စွဲ/အချိန်

၂။ လေ့လာရေး လာရောက်မည့် လူအမည်စာရင်းနှင့် နိုင်ငံသား စိစစ်ရေး ကတ်အမှတ်

၃။ နိုင်ငံခြားသားဖြစ်လျှင် ပတ်စ်ပို့ နံပါတ်နှင့် မိတ္တူ

၄။ ဆက်သွယ်ရန် ဖုန်းနံပါတ်

၅။ ယာဉ်အမှတ်နှင့် ယာဉ်မောင်းအမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်အမှတ်ကို ပူးတွဲပေးပို့ရပါမည်။

- အခက်အခဲရှိပါက သက်ဆိုင်ရာကိုယ်စားလှယ်ကို ဆက်သွယ်ပြီး အကူအညီ တောင်းခံနိုင်ပါသည်။

(ဂ) လွှတ်တော်သို့ လာရောက် လေ့လာသူများသည် လွှတ်တော်များမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန် လိုအပ်ပါသည်။



# ၇.၂။ လွှတ်တော်အသီးသီးမှ ဆောင်ရွက်ပေးသော အကူအညီများ

လာရောက် လေ့လာသူများ၏ တင်ပြချက်နှင့် ရရှိသော အချိန်ပေါ် မူတည်ပြီး လေ့လာလိုသည်များကို အောက်ပါတို့အတိုင်း စီစဉ်ဆောင်ရွက်ပေးပါသည်။

(က) အစည်းအဝေး ကျင်းပမှုကို လေ့လာခြင်း

(ခ) လွှတ်တော် စာကြည့်တိုက်နှင့် မော်ကွန်းဌာနကို လေ့လာခြင်း

(ဂ) လွှတ်တော် အဆောက်အဦးများကို လေ့လာခြင်း

(ဃ) လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံနိုင်ခြင်း

(င) လွှတ်တော်များ၏ ထင်ရှားသော အထိမ်းအမှတ်များကို လေ့လာခြင်း

## ၇.၃။ ဆက်သွယ်ရန်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ဖက်စ်   ဖုန်း** – ၀၆၇ ၃၉၁၄၁၄၊ ၀၆၇ ၃၉၁၃၀၉
**ဝက်ဘ်ဆိုက်** – www.pyidaungsu.hluttaw.mm
**အီးမေးလ်** – visitorservices.pds@gmail.com
**အွန်လိုင်းလျှောက်လွှာတင်ရန်** – https://pyidaungsu.hluttaw.mm/visitors/register

**ပြည်သူ့လွှတ်တော်ရုံး**

**ဖက်စ်   ဖုန်း** – ၀၆၇ ၃၉၁၂၈၃
**ဝက်ဘ်ဆိုက်** – www.pyithu.hluttaw.mm
**အီးမေးလ်** – observerpyithu.dpm@gmail.com
**အွန်လိုင်းလျှောက်လွှာတင်ရန်** – https://www.pyithuhluttaw.gov.mm/online_register

**အမျိုးသားလွှတ်တော်ရုံး**

**ဖက်စ်** – ၀၆၇ ၃၉၁၂၄၁
**ဖုန်း** – ၀၆၇ ၃၉၁၂၄၀
**ဝက်ဘ်ဆိုက်** – www.amyotha.hluttaw.mm
**အီးမေးလ်** – amyothahluttaw@gmail.com
irdept@amyotha.hluttaw.mm
**အွန်လိုင်းလျှောက်လွှာတင်ရန်** – http://www.amyotha.hluttaw.mm/visiting?q=node/480



**ဤစာစောင်ဖြစ်မြောက်ရေးကို ဟန်းဆိုက်ဒယ်ဖောင်ဒေးရှင်း၊ ဂျာမနီအောက်လွှတ်တော်၊ ဂျာမနီအထက်လွှတ်တော်နှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနတို့က ထောက်ပံ့ကူညီပါသည်။**

**ISBN အမှတ်**
978-99971-06-24-7

**ထုတ်ဝေသူ**
ဦးထွန်းထွန်းဟိန်
ဥက္ကဋ္ဌ
လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ
ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)

**စာရေးသူ**
လွှတ်တော် လက်ကမ်းစာစောင်ပြုစုရေး အဖွဲ့

**အတွင်းဒီဇိုင်း**
မုခ်ဦးပညာရေး

**သရုပ်ဖော်**
ZZDD

**ဂရပ်ဖစ်ဒီဇိုင်း**
Karen Vinalay

**အထူးအသိအမှတ်ပြုခြင်း**
ပြည်ထောင်စုလွှတ်တော်၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၊ ဂျာမနီအောက်လွှတ်တော်၊ ဂျာမနီအထက်လွှတ်တော်၊ အာခင်းမွန့်စ်၊ ဟန်ရီယက်တယ်ရူးလ်၊ မြသက်နွယ်၊ မြသဥ္စာထက်

**နေပြည်တော် ၂၀၁၉ – ဒုတိယအကြိမ်ထုတ်ဝေခြင်း**
ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးခြင်း၊ နှင့် ဘာသာပြန်ဆိုခြင်းမူပိုင်ခွင့်များအားလုံးကို ဦးထွန်းထွန်းဟိန်၊ ဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) က ပိုင်ဆိုင်သည်။

မှတ်ချက်များရေးသားရန်–

ISBN 978-99971-0-624-7

